မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၉၅)

အခြေခံကောင်းများကို ဆက်ခံထိန်းသိမ်း

ဒါကြောင့် ကျွန်တော်တို့ဟာ ရရှိပြီးဖြစ်တဲ့အခြေခံကောင်းများကို ဆက်ခံထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို သဟဇာတမျှတပြီး စည်းလုံးညီညွတ်တဲ့ လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ဖို့၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို အာမခံနိုင်ဖို့ဆိုတဲ့ ပြည်တွင်းရေးရာမူဝါဒများကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

[နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
၃၀-၃-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌
ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်]

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရစ္စတီယန် လုဒ်ဝိ(ဂ်) ဝက်ဘာလော့ရှ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရစ္စတီယန် လုဒ်ဝိ(ဂ်) ဝက်ဘာလော့ရှ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း

နေပြည်တော် ဇန်နဝါရီ ၂

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၁/၂၀၁၂ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၁/၂၀၁၂

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(ခ) အရ နိုင်ငံတော်သမ္မတသည် ၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် (ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည် -

(က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက် (နှစ်အကန့်အသတ်မရှိ)သို့ ပြောင်းလဲကျခံစေရန်လည်းကောင်း။
(ခ) ထောင်ဒဏ် နှစ်(၃၀)အထက် (နှစ်အကန့်အသတ်မရှိနှင့် ထောင်ဒဏ်တစ်သက်ကျခံနေရသည့် အကျဉ်းသားများမပါ)အား ထောင်ဒဏ် (၃၀)နှစ်သို့ လျှော့ပေါ့ကျခံစေရန်လည်းကောင်း။
(ဂ) ထောင်ဒဏ် နှစ်(၂၀)အထက်မှ ထောင်ဒဏ်နှစ်(၃၀)အထိ ကျခံနေရသည့် အကျဉ်းသားများအား ထောင်ဒဏ်(၂၀)နှစ်သို့ လျှော့ပေါ့ကျခံစေရန်လည်းကောင်း။
(ဃ) ထောင်ဒဏ် နှစ်(၂၀)အောက် ကျခံနေရသည့် အကျဉ်းသားများအား ယင်းတို့ကျခံနေသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်လည်းကောင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်)

လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရမည်

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည်ကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယပင်ဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှစတင်ပြီး သူ့ကျွန်ဘဝမှလွတ်မြောက်ခဲ့ကြသည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်သည့်နေ့ပင် ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလ ၄ ရက်နေ့ရောက်တိုင်း လွတ်လပ်ရေးနေ့အခမ်းအနားများ နိုင်ငံတစ်ဝန်း ကျင်းပခဲ့ကြသည်။

ဤသို့လွတ်လပ်ရေးမရမီ အတိတ်သမိုင်းကြောင်းကိုပြန်ပြောင်းကြည့်လျှင် မြန်မာနိုင်ငံသည် လွန်ခဲ့သော ဘီစီ-၃ ရာစုခန့်မှ စတင်ကာ ဗိသနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံများ ထူထောင်၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှာန်းဖြင့် အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းသည် ပြန့်ကျဲနေသောဒေသများကိုစုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ဘုရင့်နောင်ကျော်ထင်အနော်ရထာသည်ကား တောင်ငူကိုအခြေပြု၍ အစည်းပြေနေသော ဒေသများကို ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ အလောင်းမင်းတရားဦးအောင်ဇေယျသည်ကား ငါးမည်ရပြည်ရွှေဘိုကို ဗဟိုပြုလျက် တတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့လေသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည်။ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အပြန်အလှန်စဉ်းစားနားလည်မှု၊ ခင်မင်တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည်။

သို့သော်လည်း သယံဇာတ သဘာဝအရင်းအမြစ်များ အလျှံပယ်ပေါကြွယ်ဝလှသည့် မြန်မာနိုင်ငံအား ၁၉ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကိုင်း၏အင်ပါယာအတွင်းသွတ်သွင်းခဲ့ပြီးနောက် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာတို့၏ လွတ်လပ်ရေးသည်လည်း ဆုံးရှုံးခဲ့ရသည်။

မြန်မာတစ်မျိုးသားလုံး နယ်ချဲ့လက်အောက် နှစ်ပေါင်း ၁၀၀ ကျော် နေထိုင်ခဲ့ရပြီးနောက် တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့က မြန်မာနိုင်ငံတော်ကြီး သူ့ကျွန်ဘဝမှလွတ်မြောက်ရမည်ဟူသော တူညီသည့်သန္နိဋ္ဌာန်ချမှတ်လျက် ရှပ်ရှပ်ချွံချွံတော်လှန်တိုက်ခိုက်ခဲ့ကြသဖြင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့လေသည်။

နိုင်ငံတစ်နိုင်ငံ၏အသက်သွေးကြောသည် အချုပ်အခြာအာဏာပင်ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာသုံးရပ်သည် အခြားတိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက ထိုနိုင်ငံသည် လက်သစ်ကိုလိုနီနယ်ချဲ့ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခံနေရခြင်းဖြစ်သည်။ ဤသို့ ကျွန်ပြုမခံရစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုးကြားသော အသိဖြင့် အစဉ်သတိပြုကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အစဉ်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းကာကွယ်ကြရန်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စာဆိုတော်နေ့ စာပေဟောပြောပွဲကို ကျိုက်လတ်မြို့ ကညင်ကုန်းရွာနှင့် မရမ်းကလေးရွာ နှစ်ရွာပေါင်း၍ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပရာ The Hot News သတင်းဂျာနယ်မှ အယ်ဒီတာဦးကျော်စွာ (ဓမ္မပါလမြို့သား)က ကျောင်းသား လူငယ်များနှင့် ဝါသနာအကြောင်း ဟောပြောစဉ်။ (မြန်မာ့အလင်း)

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တာချီလိတ်၌ဆွေးနွေး

တာချီလိတ် ဇန်နဝါရီ ၂

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်းပြောကြား

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များတက်ရောက်ကြပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အီးလ်ဗီဇာစနစ် အလျင်အမြန်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (ဝ၆ဝ)

ပုစွန်၊ ကဏန်း၊ ငါးရှဉ့်ရေထွက်ဆိုင်ရာအသင်းများ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးရှဉ့်လုပ်ငန်းရှင်များအသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးဌေးမြင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီးမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ၂၀၁၁ ခုနှစ် ငါးလုပ်ငန်းဆိုင်ရာ အခြေအနေများအပေါ် သုံးသပ်တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ သတ္တမအကြိမ်၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များအသင်း၏ (၁၃)ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၃)ကြိမ်နှင့်ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၏ ဒသမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး အသင်းများ၏နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြအတည်ပြု၍ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ တောင်ကုတ်မြို့နယ်၌ပေးအပ်

တောင်ကုတ် ဇန်နဝါရီ ၂

ရခိုင်ပြည်နယ် သံတွဲခရိုင်တောင်ကုတ်မြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီက တောင်ကုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဇင်မာအောင်က အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာသုံးစွဲနည်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားတွင်အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများကို တာဝန်ရှိသူများက ကျေးရွာအုပ်စု ၄၆ အုပ်စုမှ ကျေးရွာပေါင်း ၅၀သို့ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရမည်းသင်းမြို့နယ် ကျောင်းကျန်းမာရေး စံပြကျောင်း ဂုဏ်ပြုဆုပေးပွဲကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၂

ရမည်းသင်းမြို့နယ် ကျောင်းကျန်းမာရေးစံပြကျောင်းဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီခွဲက ဝါတိုးအရှေ့ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားသည်။ ထို့နောက် စံပြဆုရွေးချယ်ခြင်းနှင့်ပတ်သက်၍ ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာထက်နုဝေက ရှင်းလင်းပြောကြားပြီး မြို့နယ်စံပြကျောင်းဆုရ ကျောင်းအုပ်ဆရာမတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆုများရရှိ

စံပြကျောင်း ပထမဆုကို တဘက္ကာ အခြေခံပညာမူလတန်းကျောင်းက လည်းကောင်း၊ ဒုတိယစံပြဆုကို ကျောင်းတိုက်စု အခြေခံပညာမူလတန်းကျောင်းနှင့် တတိယစံပြဆုကို ကြည်တော်ကုန်းအခြေခံပညာမူလတန်းကျောင်းတို့က လည်းကောင်း ဆုများရရှိခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၄ဝ၆)

အခြေခံကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

ဆားလင်းကြီး ဇန်နဝါရီ ၂

ဆားလင်းကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် W.Com Centre တို့ပူးပေါင်း၍ ဒီဇင်ဘာ ၁၅ရက်နံနက် ၉နာရီက ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ငွေသာခန်းမ၌ အခြေခံကွန်ပျူတာနှင့်အင်္ဂလိပ်စကားပြော ပညာဒါနသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်သီတာသန်းစိုးဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး W.Com Centre မှ တာဝန်ခံနည်းပြဆရာဦးဝဏ္ဏထွန်းက ပညာဒါနသင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားသို့ သင်တန်းသား သင်တန်းသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မီးဖိုမီး အခြားမီး သုံးပြီးသတိအမြဲရှိ

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၂၁ ရက်က အဖွဲ့ပိုင်မြို့မဈေး၌ မီးငြိမ်းသတ်လေ့ကျင့်မှုကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း သရုပ်ပြနေမှုကို ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မီးသတ်ဦးစီးဌာန)

သုတဒီပကစာကြည့်တိုက် ထန်းတပင်မြို့နယ် ရှမ်းစုကျေးရွာ၌ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အစုကြီးကျေးရွာအုပ်စု ရှမ်းစုကျေးရွာ၌ ဒီဇင်ဘာ ၂၈ရက်နံနက် ၉ နာရီက သုတဒီပကစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယဦးစီးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။ အဆိုပါ စာကြည့်တိုက်သို့ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့်ငွေကျပ် ၁၀ သိန်းနှင့် သွပ်အချပ် ၅၀ တို့ကို မြို့နယ်ဒုတိယဦးစီးမှူးက လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသည့် သုတ၊ ရသစာအုပ် ၂၀၀တို့ကို မြို့နယ်ဦးစီးမှူးက လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့်မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ အဆိုပါနေ့ နံနက် ၆ နာရီ ၄၅ မိနစ်မှ စတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးအောင်ဇော်သိန်းတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ခြောက်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး ရောင်းမည်

နေပြည်တော် ဇန်နဝါရီ ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ၅၀၀ ကျပ်တန်နှင့် ၁၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုးကို ဇန်နဝါရီ ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇန်နဝါရီ ၄ ရက် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဈေးကွက်ဝင်အရည်အသွေးကောင်း ပုလဲသွယ် စပ်မျိုးစပါးများစိုက်ပျိုး ဝင်ငွေနှစ်ဆရရှိရေး ကိုယ်တိုင်ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာသို့ရောက်ရှိရာ တာဝန်ရှိသူများက ထန်းတပင်မြို့နယ်ရှိ ပန်းလှိုင်မြစ်ကိုဖြတ်၍ ရေသွယ်ယူပြီး တွံတေးမြို့နယ် ရွှေမယင်းဒေသ ရေချိုရယူအသုံးပြုရန် ပန်းတိုင်ရေတံခါး အသစ်တပ်ဆင်နိုင်ရေးနှင့် ရွှေမယင်းဒေသ လယ်မြေများအတွက် စိုက်ပျိုးရေလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံတောင်သူလယ်သမားများ လက်တွေ့အကျိုးကျေးဇူး ရရှိမည့်လုပ်ငန်းဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သဲခုံကျေးရွာမှ တောင်သူဦးကြီး ဦးထွန်းသွယ်၏ လယ်မြေ၌ကျင်းပသည့် အထူးအထွက်တိုး မျိုးစပါး (ပုလဲသွယ်) ၁၀ ဧက မျိုးစေ့ချအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဝင်ငွေတွက်ခြေကိုက်ကာ ဈေးကောင်းရရေးအတွက် စပါးကောင်းရန် လိုအပ်ကြောင်း၊ စပါးကောင်းရန် မျိုးမှန်ဖို့လိုကြောင်း၊ မျိုးမှန်မှ အဖိုးတန်မည်ဖြစ်ရာ ဈေးကွက်ဝင်အရည်အသွေးကောင်း ပုလဲသွယ်စပ်မျိုးစပါးများစိုက်ပျိုး၍ ဝင်ငွေနှစ်ဆရရှိရေး ကိုယ်တိုင်ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် အရည်အသွေးကောင်း စပါးရရှိရေး ရိတ်သိမ်းချိန်လွန် နည်းပညာ (Post Harvest Technology) အသုံးချရန် လိုအပ်ကြောင်းဖြင့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးကြမည့် တောင်သူလယ်သမားများအား မှာကြားသည်။

ထို့မှတစ်ဆင့် ငါးသိုင်းချောင်းမြို့နယ်ခွဲရှိ ငဝန်မြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန် ငဝန်ရေတားတမံ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ဝါးဒလက် ရေလွှဲတန်းများချခြင်း၊ နှစ်တန်းသွားရေလွှဲတန်းများ၊ မှန်ကူကွက်ပုံ နုန်းဖမ်းတန်း ရိုက်ခြင်းလုပ်ငန်းတို့ဖြင့် မြစ်ကမ်းကာကွယ်ရေးကို ဆောင်ရွက်ခဲ့ရာ ယနေ့ထိ တာစောင်းမြေဖို့ခြင်း ၁၀၀ ရာခိုင်နှုန်း၊ ကမ်းထိန်းတုတ်တန်းရိုက်ခြင်း ၁၀၀ ရာခိုင်နှုန်း၊ မြေဖို့ခြင်း ၇၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံတောင်သူလယ်သမားများ၏ လယ်မြေများနှင့် အိုးအိမ်များ ရေလွှမ်းမိုးမှုမရှိစေရန် ဒေသတွင်း လွယ်ကူစွာပေါက်ရောက်သော ကျူပင်၊ ကိုင်းပင်နှင့် အခြားသင့်လျော်ဖြစ်ထွန်းသည့် အပင်များစိုက်ပျိုးရန် မှာကြားသည်။

ထောက်ပံ့ခဲ့

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၅ နာရီတွင် အင်္ဂပူမြို့နယ် နန်ကသူဆည်ရေသောက် ဘွက်ကြီးကျေးရွာအုပ်စု၌ ကျင်းပသည့် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး ၁၀ ဧက မျိုးစေ့ချပွဲ အခမ်းအနားသို့ တက်ရောက်အားပေး၍ **(အပေါ်ပုံ)** တောင်သူလယ်သမားများအား လယ်ယာစီးပွားဂျာနယ်များပေးအပ်ကာ ပုလဲသွယ်ဆန်များ ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇန်နဝါရီ ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အနောက်တောင်ဘက်မှ လေနွေးများနှင့် အနောက်မြောက်ဘက်မှ လေအေးများ မြန်မာနိုင်ငံအတွင်းသို့ တိုးဝင်စုဆုံမှုကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မအူပင်-တွံတေးလမ်းနှင့် တံတားကြံ့ခိုင်မှုများ ဒုတိယဝန်ကြီး ဦးစိုးတင့် စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မအူပင်-တွံတေးလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လမ်းတစ်လျှောက်ရှိ အောင်ထွန်းချောင်းတံတား၊ **(ဝဲပုံ)** ခတ္တိယတံတားနှင့် မလက်တိုတံတားတို့၏ ကြံ့ခိုင်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅)နှစ်ကျော်သက်တမ်းပြတ် ယာဉ်များအား အစားထိုးလဲလှယ်ခွင့်မပြု

နေပြည်တော် ဇန်နဝါရီ ၂

ယာဉ်အဟောင်းအပ်နှံ၍ ယာဉ်အသစ်အစားထိုးတင်သွင်းခြင်း စီမံချက်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ စီမံချက်တွင် မှတ်ပုံတင်လဲလှယ်ရန် ပျက်ကွက်နေသည့်ကာလ တစ်ဆက်တည်း ငါးနှစ်နှင့်အထက် ယာဉ်များသည် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအရ မော်တော်ယာဉ်အဖြစ်မှ အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်သောကြောင့် အစားထိုး လဲလှယ်ခွင့်မပြုကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ္တလမ်းပိတ်မည်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၄ ရက် နံနက် ၃ နာရီခွဲမှ စတင်ပြီး အခမ်းအနားပြီးဆုံးချိန်အထိ ပြည်လမ်း(ရှင်စောပုလမ်းဆုံမှ အလုံလမ်းဆုံအထိ) ခေတ္တလမ်းပိတ်ထားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂

ဦးမောင်မောင်ဦး (EFR Group) သည် ကစားဖော်များဖြစ်ကြသော ဦးဇော်ဂျီအေး၊ ဦးကျော်ကျော်ထူး (Myanmar Speed Mark) တို့နှင့်အတူ ဒီဇင်ဘာ ၂၉ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Callaway HX Tour No(1) ဘောလုံးကို Taylarmade(R7)Iron No(9) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၁ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်-စုစည်းသည်

အမြဲတမ်းမဟုတ်သည့် ကုလလုံခြုံရေးကောင်စီ အဖွဲ့ဝင် ငါးနိုင်ငံ တာဝန်များစတင်လွှဲပြောင်း

ကုလသမဂ္ဂ ဇန်နဝါရီ ၂

အဇာဘိုင်ဂျန်၊ ဂွါတီမာလာ၊ မော်ရိုကို၊ ပါကစ္စတန်နှင့် တိုဂိုနိုင်ငံများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်သစ် ငါးနိုင်ငံအဖြစ် တာဝန်ထမ်းဆောင်ပြီဖြစ်ကြောင်း ကုလသမဂ္ဂက ဇန်နဝါရီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

ရွေးချယ်ခဲ့

နှစ်နှစ်ဆက်တိုက်တာဝန်ထမ်းဆောင်ကြမည့် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော အဆိုပါငါးနိုင်ငံကို ၂၀၁၁ ခုနှစ် အောက်တိုဘာလက ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အဖွဲ့ဝင်အသစ်များအဖြစ် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ယင်းအဖွဲ့ဝင်သစ်ငါးနိုင်ငံမှာ ပထဝီအနေအထားအရ ကွဲပြားခြားနားလျက်ရှိသည့် နိုင်ငံများဖြစ်ရာ အာဖရိကနှင့် အာရှပစိဖိတ်ဒေသမှ သုံးနိုင်ငံ၊ အရှေ့ဥရောပမှ တစ်နိုင်ငံ၊ လက်တင်အမေရိကမှ တစ်နိုင်ငံတို့ ဖြစ်ကြသည်။

၄င်းအဖွဲ့ဝင်သစ် ငါးနိုင်ငံသည် ဇန်နဝါရီ ၁ ရက်က တာဝန်ပြီးဆုံးခဲ့သည့် လက်ဘနွန်၊ နိုင်ဂျီးရီးယား၊ ဂါဘွန်၊ ဘော့စနီးယား၊ ဘရာဇီးနိုင်ငံတို့ နေရာတွင် လွှဲပြောင်းတာဝန်ယူခဲ့ကြသည်။ **(အင်တာနက်)**

နယ်သာလန်နိုင်ငံ ကိုဆာမြို့၌ ရှေးဆင့်နောက်ဆင့်မီးနှစ်ကြိမ်လောင်

ကိုဆာ ဇန်နဝါရီ ၂

နယ်သာလန်နိုင်ငံ ကိုဆာမြို့တွင် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက မီးလောင်မှုကြီးနှစ်ကြိမ် နေရာနှစ်နေရာ၌ ရှေ့ဆင့်နောက်ဆင့်ဖြစ်ပွားခဲ့သည်။ စီးပွားရေးလုပ်ငန်း ကုန်လှောင်ရုံတစ်ရုံနှင့် အားကစားရုံတို့ မီးလောင်ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ကုန်လှောင်ရုံတွင် လောင်သည့်မီးမှာ ပြင်းထန်ကြီးမားကြောင်း၊ နံနက်အစောပိုင်းတွင် လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုအကြောင်းအရင်းကို မသိရသေးကြောင်း၊ ဒေသစံတော်ချိန် နံနက် ၅ နာရီ ဝန်းကျင်ရောက်မှ မီးကိုငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးသတ်ဌာနက ပြောကြားသည်။

ကုန်လှောင်ရုံတစ်ရုံလုံး မီးလောင်ပျက်စီးခဲ့သော်လည်း မီးလောင်မှုဖြစ်ပွားချိန်တွင် တစ်ဦးတစ်ယောက်မှ အဆောက်အအုံထဲ ရှိမနေခဲ့သဖြင့် ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ အားကစားရုံမီးလောင်မှုသည် နံနက် ၉ နာရီဝန်းကျင်ခန့်ကဖြစ်ပြီး သန့်ရှင်းရေးအလုပ်သမားတစ်ဦး တွေ့ရှိအကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း၊ ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်ရခြင်းဖြစ်နိုင်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(အင်တာနက်)**

ထိုင်းတောင်ပိုင်း၌ ရေလွှမ်းမှုများဖြစ်ပွား သဘာဝဘေးဒုက္ခကြုံတွေ့နေရာများအဖြစ်ကြေညာ

ဗန်ကောက် ဇန်နဝါရီ ၂

ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိရာ ဒေသခံများဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် ထိုင်းအရာရှိများက ဇန်နဝါရီ ၂ရက်၌ သတိပေးချက် ထုတ်ပြန်ထားသည်။ (ဝဲပုံ)

ရေလွှမ်းမှုဖြစ်ပွားနေသည့်ဒေသများမှာ ဆွန်ခလာ၊ နာရာသီဝါ၊ ပက်သာလန်နှင့် ယာလာပြည်နယ်များတွင် ဖြစ်သည်။ ယင်းပြည်နယ်များသည် ထိုင်းနိုင်ငံအနောက်ပိုင်းကမ်းခြေဒေသများနှင့် ထိစပ်နေသောနေရာများဖြစ်သည်။

ရွှေ့ပြောင်းထားရ

ထိုင်းနိုင်ငံ ဟေယိုင်၊ ဆွန်ခလာပြည်နယ်များရှိ စီးပွားရေးအချက်အချာကျသည့်အရပ်များ၌ ရေများခြောက်ပေအထိ နစ်မြုပ်လျက်ရှိသည်။ ဒေသခံများသည် ၄င်းတို့၏မော်တော်ယာဉ်များ၊ အခြားအသုံးအဆောင်ပစ္စည်းများကို ကုန်းမြင့်အရပ်များသို့ ရွှေ့ပြောင်းထားရသည်။

သတင်းထုတ်ပြန်ကြေညာ

နာရာသီဝါပြည်နယ်ရှိ ခရိုင်ရှစ်ခရိုင်တွင် ရေလွှမ်းမှုဖြစ်ပွားနေသဖြင့် သဘာဝဘေးဒုက္ခကြုံတွေ့နေရသောဒေသအဖြစ် သတင်းထုတ်ပြန်ကြေညာထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၂-၁-၂၀၁၂)

၂၀၁၂ ခုနှစ်တွင် လုံခြုံရေးကိစ္စတိုးမြှင့်ဆောင်ရွက်မည်ဟု နိုင်ဂျီးရီးယားသမ္မတ ကတိကဝတ်ပြု

အနောက်အာဖရိက နိုင်ငံများတွင် နေထိုင်မှုအခြေအနေများ တိုးတက်ပြောင်းလဲလာခြင်းနှင့်အတူ ၂၀၁၂ ခုနှစ်တွင် ၄င်းတို့အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိရန်လည်း ယခုထက်ပိုမိုအလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျိုနက်သန်က ဇန်ဝါရီ ၁ ရက်၌ အခိုင်အမာပြောကြားခဲ့သည်။ နိုင်ဂျီးရီးယားသမ္မတ ဂျိုနက်သန်က ၄င်း၏ နှစ်သစ်အမှာစကားတွင် နိုင်ငံအတွင်းရှိ ပြည်သူများသို့ ယင်းသို့ဆောင်ရွက်ရန် အာမခံချက်အပြည့်အဝပေးခဲ့သည်။ နိုင်ငံအတွင်း လောလောဆယ်ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကြောင့် မျှော်လင့်ချက်များ မဆုံးရှုံးသွားစေရန်နှင့် ၄င်း၏ အစိုးရအဖွဲ့အနေဖြင့်လည်း ယင်းကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်သွားရန် အသင့်ရှိနေပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားလူမျိုးများအား အလေးထားတိုက်တွန်းခဲ့သည်။ ပြီးခဲ့သည့်နှစ်က နိုင်ငံအတွင်း စိန်ခေါ်မှုများရှိခဲ့သော်လည်း အပြုသဘောဆောင်သည့် တိုးတက်ဖွံ့ဖြိုးမှုများကို အံ့သြဖွယ်ကောင်းအောင် ပြုလုပ်ခဲ့ကြောင်း သမ္မတ ဂျိုနက်သန်က ဆက်လက်ပြောကြားခဲ့သည်။

ကန်ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဒုံးကျည်လက်နက်များ အမေရိကန်မှ ယူအေအီးနိုင်ငံသို့ ရောင်းချရန် သဘောတူညီ

အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံအနီး အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးမှုများအကြား ကာကွယ်ရေးနည်းပညာများဆိုင်ရာ အရှိန်အဟုန်မြင့်မားလာသည့်အတွက်ကြောင့် အရှေ့အလယ်ပိုင်း၏ မဟာမိတ်တစ်ရပ်အနေဖြင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈ ဘီလီယံတန်ဖိုးရှိ ဒုံးကျည်လက်နက်များနှင့် ဆက်စပ်လျက်ရှိသည့် နည်းပညာဆိုင်ရာများ ရောင်းချရန် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ကြောင်း ဇန်နဝါရီ ၂ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ယင်းဒုံးကျည်လက်နက်များ ရောင်းချရန်အတွက် ပြီးခဲ့သည့်ခရစ္စမတ်

➢➢ တင်မောင်လွင် – စုစည်းသည် ➣➣

နေ့က ပင်တဂွန်မှပြောရေးဆိုခွင့်ရှိသူ ဂျီအိုရေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ အမေရိကန်နှင့်ယူအေအီးနိုင်ငံတို့သည် ကာကွယ်ရေးလုပ်ငန်းအတွက် ဆက်သွယ်မှုတစ်ရပ်ကို အပြင်းအထန် ပြုလုပ်လျက်ရှိကြောင်း၊ ပါရှန်ပင်လယ်ကွေ့လုံခြုံရေးနှင့် တည်ငြိမ်ရေးကို နှစ်နိုင်ငံစလုံးက လိုလားလျက်ရှိကြောင်း ၄င်းက ထပ်မံပြောကြားခဲ့သည်။

ကင်ညာနိုင်ငံ၌ ကူးတို့လှေနှစ်စင်းတိုက်မှုဖြစ်ပွား

ကင်ညာနိုင်ငံပိုင် အိန္ဒိယသမုဒ္ဒရာရှိ လမ်မူကျွန်းတွင် ဇန်နဝါရီ ၁ ရက်နှောင်းပိုင်းက ကူးတို့လှေနှစ်စင်းတိုက်မှုဖြစ်ပွားပြီးနောက် ခရီးသည်ခုနစ်ဦး သေဆုံးခဲ့ကြောင်း ယင်းဒေသရှိ ဆေးရုံသတင်းရပ်ကွက်၏ဖော်ပြချက်အရ သိရသည်။

ဖြစ်ပွားမှုမှာ လူပေါင်း ၈၀ တင်ဆောင်လာသော ကူးတို့လှေတစ်စင်းနှင့် လမ်မူကျွန်းဘက်သို့ဦးတည်ထွက်ခွာလာသည့် အခြားလှေတစ်စင်းတို့ တိုက်မိခဲ့ရာမှ ခရီးသည်တင်ကူးတို့လှေမှာ တိမ်းမှောက်သွားခြင်းဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များက အသက်ရှင်ကျန်ရစ်သူ ၂၀အားတွေ့ရှိခဲ့ကြောင်း၊ ခရီးသည်တင်ကူးတို့လှေတစ်စင်းပျက်စီးပြီးနောက် အများအပြားပျောက်ဆုံးလျက်ရှိကြောင်း အဆိုပါသတင်းရပ်ကွက်က ဆက်လက်ဖော်ပြသည်။

နိုင်ငံတကာရေပိုင်နက်၌ အီရန်ရေတပ် ဖြန့်ကြက်ချထားမည်

အီရန်ရေတပ်ကို နိုင်ငံတကာရေပိုင်နက်အတွင်း ပိုမိုဖြန့်ကြက်ချထားရန်စီစဉ်လျက်ရှိကြောင်း အီရန်ရေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး ဟာဘီဘိုလာဆေယာရီက ဇန်နဝါရီ ၁ ရက်က ပြောကြားသည်။ နိုင်ငံတကာဥပဒေနှင့် မိမိတို့ခေါင်းဆောင်အယာတိုလာအလီခါ မေနီ၏သဘောထားရပ်တည်ချက်အရ မိမိတို့အနေဖြင့် အခြားမည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန် မရည်ရွယ်ကြောင်း၊ သို့သော် နိုင်ငံတကာရေပိုင်နက်အတွင်းတွင် တိုးချဲ့တပ်ဖြန့်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း အီရန်ဒုတိယရေတပ် ဗိုလ်ချုပ်ကြီး ဆေယာရီက ပြောကြားလိုက်သည်။ မြေထဲပင်လယ်တွင် ရက်ပေါင်း ၇၀ ကြာ သွားရောက်ခဲ့သည့် အီရန်နိုင်ငံပိုင် ဂျာမာရန်ဖျက်သင်္ဘောသည် အတ္တလန္တိတ်သမုဒ္ဒရာသို့ မကြာမီ သွားရောက်မည်ဖြစ်ကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။ (အင်တာနက်)

၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတကာထူးခြားဖြစ်စဉ်များ

မြန်မာ့အလင်း နိုင်ငံတကာစာတည်းအဖွဲ့ စုစည်းဖော်ပြသည်

ဇန်နဝါရီ ၁ ရက်နေ့မှ အဆက်

ယခုအခါ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးခဲ့ပြီဖြစ်သည်။ ကုန်ခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်း ထူးခြားသောဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ရာ အထူးခြားဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်–

နိုဝင်ဘာ ၂၃။ *။အီရတ်နိုင်ငံအတွင်း ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ အမေရိကန်အစိုးရနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်ပြည်သူ ၃၀၀၀ ကျော်တို့က တရားစွဲထားကြောင်း ရာဇက်အယ်အဘာဒီခေါ် အီရတ်ရှေ့နေများအဖွဲ့က ကြေညာခဲ့သည်။ ၂၀၀၃ ခုနှစ် မတ်လမှ စတင်ဝင်ရောက်ခဲ့သော အမေရိကန်ဦးဆောင်သည့်တပ်များ၏ အီရတ်အရပ်သားများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုနှင့် ပြည်သူပိုင်ပစ္စည်းများ ဖျက်ဆီးမှုတို့အတွက် တရားစွဲဆိုခြင်းဖြစ်သည်။*

နိုဝင်ဘာ ၂၆။ ။ညပိုင်းအချိန်မှအပွင့်ပွင့်တတ်သည့် သစ်ခွမျိုးစိတ်ကို ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် ရုက္ခဗေဒပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။ ရုက္ခအမည် Bulhophyllum nocturnum သစ်ခွမျိုးစိတ်သည် ညအမှောင်ပျိုးချိန်တွင် ပန်းများပွင့်ဖြာလာပြီး မိုးလင်းသည်နှင့်ပြန်ငုံသွားတတ်သည့် သစ်ခွမျိုးစိတ်ဖြစ်သည်။ ပါပူဝါနယူးဂီနီ အရှေ့မြောက်ပင်လယ်ရေပြင်ရှိ နယူးဗြိတိန် ကျွန်းပေါ်၌ ဒတ်ချ်လူမျိုး သစ်ခွကျွမ်းကျင်သူတစ်ဦးက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ *(အောက်ပုံ)*

နိုဝင်ဘာ ၂၈။ *။ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချရေး ကုလသမဂ္ဂညီလာခံသို့ တောင်အာဖရိကနိုင်ငံ ဒါဘင်မြို့တွင် ကျင်းပသည်။သီတင်းနှစ်ပတ်ကြာမြင့်သည့်ညီလာခံသို့ ကမ္ဘာ့နိုင်ငံ ၁၉၀ ခန့်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ရာသီဥတုဆိုင်ရာ အန္တရာယ်ကပ်ဘေးများခြိမ်းခြောက်နေသည့် ကမ္ဘာကြီး၏အနာဂတ်အတွက် ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရေးအတွက် ကုလသမဂ္ဂညီလာခံကို ကျင်းပခြင်းဖြစ်သည်။*

နိုဝင်ဘာ ၃၀။ ။မြေလျှင်လှုပ်ခတ်ခါနီးဖြစ်ပွားတတ်သည့် မြေအောက်ရေအတွင်း ဓာတုဖြစ်စဉ်အပြောင်းအလဲများကို တိရစ္ဆာန်များက ကြိုတင်အာရုံခံစားသိရှိနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ ၂၀၀၉ခုနှစ်က အီတလီနိုင်ငံ၌ မြေလျှင်မလှုပ်ခတ်မီ နေထိုင်ကျက်စားရာရေအိုင်များကို ဖားသတ္တဝါတို့ စွန့်ခွာခဲ့သည်ကို တွေ့ရှိပြီးနောက် စူးစမ်းလေ့လာမှုများပြုလုပ်ကာ ယခုလိုပြောကြားခဲ့ခြင်း ဖြစ်သည်။

ဒီဇင်ဘာ ၃။ *။အာကာသအတွင်း နေဂြိုဟ်အရွယ်အစားထက် ပိုမိုကြီးမားသည့် ဂြိုဟ်သစ်ကြီး ၁၈ လုံးကို အမေရိကန် အာကာသသုတေသန ပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။*

ဒီဇင်ဘာ ၁၂။ ။လေထိုးရန်မလိုသောတာယာများ ဘရေ့ဂျ်စတုန်းကုမ္ပဏီက တီထွင်နိုင်ခဲ့သည်။ သံဆန်ခါကွက်ပုံစံမျိုးရှိသော သာမိုပလတ်စတစ်သစ်စေးကို အသုံးပြုထားပြီး ထုတ်လုပ်ထားသည့် ထိုတာယာများကို လက်ရှိကားများ၌ အသုံးပြုနိုင်ရန် အမြောက်အမြားထုတ်လုပ်သွားရေးအတွက် စီမံကိန်းချထားသည်။

ဒီဇင်ဘာ ၁၂။ *။အမေရိကန်နိုင်ငံ နယူးဂိုင်နီယာအရှေ့တောင်ပိုင်းတွင် ကမ္ဘာ့အသေးငယ်ဆုံး ဖားလေးများကို ဟာဝိုင်ယီပြည်နယ် ဘစ်ရှော့ပြတိုက်မှ သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိသည်။ ကမ္ဘာ့အသေးငယ်ဆုံး ဖားမျိုးစိတ်နှစ်မျိုးအဖြစ် ရှာဖွေတွေ့ရှိခြင်းဖြစ်ပြီး အရှည် ရှစ်မီလီမီတာရှိ မျိုးစိတ်နှင့် ကိုးမီလီမီတာခန့်ရှိ မျိုးစိတ်နှစ်မျိုးတွေ့ရှိခဲ့ခြင်းဖြစ်သည်။*

ဒီဇင်ဘာ ၁၅။ ။အီရတ်နိုင်ငံ၌ အမေရိကန်စစ်ဆင်ရေး မစ်ရှင်လုပ်ငန်းပြီးဆုံးမှု အထိမ်းအမှတ်အခမ်းအနားကို မြို့တော်ဘဂ္ဂဒတ်အနီး၌ ကျင်းပသည်။ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖြုတ်ချနိုင်ရန်အတွက် အမေရိကန်က စစ်ရေးအရကျူးကျော်တိုက်ခိုက်ပြီး ကိုးနှစ်နီးပါးအကြာတွင် အမေရိကန်၏ စစ်ရေးမစ်ရှင်လုပ်ငန်းကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၆။ *။အိန္ဒိယနိုင်ငံမှ ကျောင်းသူလေးတစ်ဦးအား ကမ္ဘာ့အရပ်အပုဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် အတည်ပြုခဲ့သည်။ အရပ်အမြင့် ၂၄ ဒသမ ၇ လက်မရှိသူ ဂျိုတီအမ်ဂီလ်အား နယ်ပါမြို့အတွင်း ကျင်းပသည့် ၁၈ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဂင်းနက်စ်စံချိန်မှတ်တမ်းက ကမ္ဘာ့အရပ်အပုဆုံး အမျိုးသမီးဘွဲ့ကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။*

ဒီဇင်ဘာ ၁၇။ ။မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံအကြီးအကဲ ကင်ဂျုံအီသည် မီးရထားဖြင့် ခရီးလှည့်လည်စဉ် နှလုံးဝေဒနာကြောင့် ကွယ်လွန်ခဲ့သည်။ ကင်ဂျုံအီသည် ၁၉၉၄ ခုနှစ်မှ စတင်ကာ နိုင်ငံအကြီးအကဲဖြစ်လာခဲ့သူဖြစ်သည်။

ဒီဇင်ဘာ ၂၀။ *။တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အသက် ၁၀၂ နှစ်အရွယ် အဘွားအိုတစ်ဦးအား အူကင်ဆာဖြစ်နေမှုကို ခွဲစိတ်ကုသမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့သဖြင့် ကမ္ဘာ့အသက်အကြီးဆုံး ဝေဒနာရှင် အမျိုးသမီးလူနာတစ်ဦးအား ပထမဆုံးအကြိမ် ခွဲစိတ်ကုသမှုပင်ဖြစ်ကြောင်း ခွဲစိတ်ဆရာဝန်များက ပြောကြားသည်။ မွန်းအမည်ရှိ ယင်းအဘွားအိုသည် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကာ အူကင်ဆာဖြစ်နေခဲ့ရာမှ ယခုအခါ သူမ၏အူကို ဆရာဝန်များက ဖြတ်တောက်ကုသပေးခဲ့ခြင်းဖြစ်သည်။ ။*

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း
ဝါးကတုတ်ပျိုးဥယျာဉ်၌ ပျိုးပင်များစိုက်ပျိုးထားမှု စစ်ဆေး

နေပြည်တော်　ဇန်နဝါရီ　၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် ဝါးကတုတ်သစ်တောပျိုးဥယျာဉ်သို့ရောက်ရှိပြီး အပင်များကို စနစ်တကျပျိုးထောင်ရန်နှင့် ပျိုးပင်များအား အခမဲ့ဖြန့်ဝေပေးရေး၊ စီးပွားဖြစ်ပျိုးပင်များအား သင့်တော်သောဈေးနှုန်းဖြင့် ဖြန့်ဝေရောင်းချပေးရေး မှာကြားပြီး ပျိုးပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)** ယင်းဝါးကတုတ် သစ်တောပျိုးဥယျာဉ်၌ သစ်ပင် ၃၆ မျိုးရှိ၍ ပျိုးပင်ပေါင်း ၈၃၆၀၇ ပင်ရှိသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့သို့ရောက်ရှိပြီး မြို့၏ဖွံ့ဖြိုးတိုးတက်မှုများ၊ ကျုံးပတ်လည် သန့်ရှင်းသာယာလှပမှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် နံနက်ပိုင်းတွင် ပဲခူးမြို့၌ကျင်းပသော ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသည်။

ယင်းလမ်းလျှောက်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ စက်ရုံ၊ အလုပ်ရုံများမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ အင်အား ၇၁၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ဖွင့်ပွဲနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

ပြည်　ဇန်နဝါရီ　၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာမွန် စာကြည့်တိုက်ဖွင့်ပွဲနှင့် ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ကျောက်ကွင်းကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ကွင်း ကျောင်းတိုက်ဆရာတော် ဦးသိထာစာရက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသော အရေးကြုံရင်ကြေးမုံရှိတယ် ဗီဒီယိုဇာတ်လမ်းခွေအား မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်မှူးသို့ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကျောက်ကွင်းကျောင်းတိုက်ဆရာတော်နှင့် ဒေါ်မေအေးဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကလောမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကလော　ဇန်နဝါရီ　၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု ဧရိယာ ၃ ဒသမ ၁၄ဧကရှိ တောင်သူဦးရွှေထူး၏ လယ်မြေတွင် ပေါင်စနစ်ဖြင့် စိုက်ပျိုးထားသည့် ရွှေရင်အေးလယ်ယာကို ဒီဇင်ဘာ ၃ရက် နံနက်က စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့ပြီးစပါးတစ်ဧက အထွက်နှုန်း ၁၂၅ ဒသမ ၃၂ တင်း ထွက်ရှိသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသက်ခိုင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်ဒုတိယမန်နေဂျာ ဒေါ်သက်သက်အေး၊ ကျေးရွာတာဝန်ရှိသူများနှင့်တောင်သူများ ကြည့်ရှုလေ့လာကြကြောင်း သိရှိရသည်။ **(ဝ၇ဝ)**

ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်းသတိပြု

မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီး ပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာ ထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကား ဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကား ခေါင်းခန်းကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယင်းမာပင်၌ အိမ်တွင်းမှုသင်တန်းဖွင့်ပွဲကျင်းပ

ယင်းမာပင်　ဇန်နဝါရီ　၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၁၅)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၉) သင်တန်းဖွင့်ပွဲအခမ်းအနား ကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီက အဆိုပါသင်တန်းခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်ဝင်း **(အပေါ်ပုံ)**က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ခေတ္တကျောင်းတာဝန်ခံ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာစန်းက သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ အဆင့်မြင့် စက်ချုပ်သင်တန်းသူ ၁၉ ဦး၊အခြေခံအိမ်တွင်း သင်တန်းသူ ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာသုံးလခွဲကြာမြင့်မည်ဖြစ်ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကလေးနှင့်သားကောင်းမိခင်ပြိုင်ပွဲ ဆုပေးပွဲ
ဒလမြို့နယ်၌ ကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက ဒလမြို့ သီရိဇေယျအနော်ရထာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ဆရာဝန် ဒေါ်ခိုင်ဇင်မင်းက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲတွင် ထူးထူးခြားခြား ပါဝင်လာသည့် အသက်တစ်နှစ်သုံးလအရွယ် ရွှန်းလဲ့ဝေနှင့် လင်းလဲ့ဝေအမြွှာညီအစ်မနှစ်ဦးအား ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်က ဆုများချီးမြှင့်ပြီး **(အောက်ပုံ)** သားကောင်းမိခင်ဆု ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ဆုမရသည့် ပြိုင်ပွဲဝင်ကလေးများကို တာဝန်ရှိသူများက နှစ်သိမ့်ဆုများ ပေးအပ်ခဲ့ကြသည်။ ဆုရကလေးများသည် ခရိုင်အဆင့်တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၅၁)**

အခြေခံပညာအထက်တန်းကျောင်း ငွေရတုပွဲတော်ကျင်းပ

ရမည်းသင်း　ဇန်နဝါရီ　၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ငွေရတုပွဲတော်ကို အဆိုပါကျောင်းမုခ်ဦးရှေ့တွင် ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ မြို့နယ်ပညာရေးမှူး ဦးတင်ကိုကိုနှင့် ကျောင်းအကျိုးတော်ဆောင်ဦးချစ်ဖိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးတင်ကိုကိုတို့က အမှာစကားပြောကြားပြီးနောက် ရွာတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ကြူကြူက ကျေးဇူးတင်စကားပြောကြားသည်။

ငွေရတုအထိမ်းအမှတ် ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဦးတိက္ခသာရ ဖုန်း-၀၉-၂၁၇၄၁၉၁၊ ဦးယုဆွေ ဖုန်း-၀၉-၂၁၇၄၀၁၁ နှင့် ဦးကျော်ရွှေ ဖုန်း-၀၉-၂၁၇၄၀၂၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၄၁၆)**

မွေးမြူရေးကြက်ခြံအတွင်း မီးအပူပေးရာမှ
ကံ့ခင်းမြို့၌ မီးလောင်မှုဖြစ်ပွား

ကံ့ခင်း　ဇန်နဝါရီ　၂

ကံ့ခင်းမြို့ မြို့မရပ်ကွက်တွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၄ နာရီ ၄၅ မိနစ်က ဦးချစ်လှိုင်ပိုင် မွေးမြူရေးကြက်ခြံအတွင်း ခြံတာဝန်ခံက ရာသီဉတုအအေးဒဏ်လွန်ကဲသဖြင့် ကြက်များကျန်းမာရေးအတွက် မီးသွေးမီးဖိုဖြင့် မီးအပူပေးရာမှ အနီးရှိဝါးထရံသို့ကူးစက်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ ရပ်ကွက်ပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ငြိမ်းသတ်မှုကြောင့် နံနက် ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ကြက်ခြံအတွင်းမှ မွေးမြူရေးကြက်အကောင် ၃၀၀ ကျော်နှင့် ကြက်ခြံ မီးလောင်ပျက်စီးသွားကြောင်း သိရှိရသည်။ **(၀၇၇)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၈။	အကပြိုင်ပွဲ
၈း၃၀	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အဆိုပြိုင်ပွဲ
၄း၄၀	၄။	စည်းကမ်းလိုက်နာဘေးကင်းမှာ
၄း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅း၁၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၇။	ကြေးမုံရိပ်သွင် တေးနုယဉ်
၅း၃၀	၈။	**(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**
၅း၄၅	၉။	မူဟန်သွယ်သွယ်ဆိုကြမယ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	၁၃။	ဆိုလိုက်ကြစို့
၇း၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** ဒုတိယတွဲ (အပိုင်း-၃၁)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည် မြန်မာပြည်** (ခေတ်သစ်စနစ်သစ်ဖြင့် ဖွံ့ဖြိုးဝေစည် နိုင်ငံသစ်၏ အလှပန်းချီ)
	၁၉။	**ချိုမြိန်ရသာ မုန့်ကမ္ဘာ**
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၁၄)
	၂၁။	အိန္ဒိယရုပ်ရှင် **ချစ်သူ့နားခိုရာ** (အပိုင်း-၄) (ဇာတ်သိမ်းပိုင်း)

ဗုဒ္ဓမြတ်စွယ်တော် လင်ကွမ်းဘုရားကျောင်းသို့ ပင့်ဆောင်ပူဇော်

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ (၄၈)ရက်ကြာ ဒေသစာရီကြွချီပူဇော်ခံခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီခွဲတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ကြွချီတော်မူရာ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်သည်။

ပို့ဆောင်ပူဇော်

ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်ပင့်ဆောင်ရာတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွန့်နှင့်သာသနာရေး၊ ပြည်ထဲရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါပို့ဆောင်ပူဇော်ကြသည်။

ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဗုဒ္ဓမြတ်စွယ်တော်ကြွမြန်းဆိုက်ရောက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုဝန်ကြီး မစ္စတာဝမ်ဇောင်အန်း၊ မြတ်စွယ်တော်လိုက်ပါပို့ဆောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဆရာတော်ချိုင်ယွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လေဆိပ်ဧည့်ခန်းမဆောင်၌ ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်ပို့ဆောင်အပ်နှင်းပြီးကြောင်း သဘောတူစာချုပ်ကို ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တရုတ်သာသနာရေး ဗျူရိုဝန်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား မူလကိန်းဝပ်စံပယ်တော်မူရာ လင်ကွမ်းဘုရားကျောင်းသို့ ခမ်းနားသိုက်မြိုက်သည့် ကြိုဆိုပင့်ဆောင်ပူဇော်မှုများဖြင့် ပြန်လည်ပို့ဆောင်ပူဇော်အပ်နှင်းခဲ့သည်။

ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် CPPCC ရုံးချုပ်သို့သွားရောက်၍ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ Mr. Du Qing Lin နှင့်တွေ့ဆုံကာ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ သာသနာရေးဆိုင်ရာများ၊ ထေရဝါဒ ဗုဒ္ဓဘာသာ ပိုမိုပြန့်ပွားတိုးတက်လာစေရန် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးအား တရုတ်သာသနာရေးဗျူရိုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် ပေကျင်းဟိုတယ်ရှိ Beijin Hall ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာပင့်ဆောင်ပူဇော်နိုင်ခဲ့မှုနှင့် နှစ်နိုင်ငံအကြား ထေရဝါဒဗုဒ္ဓဘာသာရေးဆိုင်ရာ ပညာသင်များ အပြန်အလှန်စေလွှတ်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးကြပြီး တရုတ်သာသနာရေးဗျူရိုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ရှန်ဟိုင်းမြို့ရှိ ကမ္ဘာ့စတုတ္ထအမြင့်ဆုံး အဆောက်အအုံဖြစ်သော Oriental Pearl Building သို့ သွားရောက်ကြည့်ရှုကြပြီး အဆောက်အအုံအောက်ထပ်ရှိ Oriental Pearl Museum ကိုလည်း လေ့လာကြသည်။

သွားရောက်လေ့လာ

ဆက်လက်၍ ရှန်ဟိုင်းမြို့၏ အထင်ကရ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကျောင်းသို့သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုဖူးမြော်ကန်တော့ကြပြီး ၂၀၁၀ Expo ရက္ခဗေဒ ဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၇ ရက်တွင် ဟူနန်ပြည်နယ် လော့ယန်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ခွင့်ပြုပေးပြီး ဖြစ်သော ရွှေတိဂုံစေတီတော်ပုံတူ တည်ထားကိုးကွယ်မည့် ဝတ္တကမြေနေရာရှိသည့် ပိုင်မားစီး (မြင်းဖြူဘုရားကျောင်း) ကျောင်းတိုက်သို့ သွားရောက်ကြည့်ရှုကာ မြေနေရာအခြေအနေ၊ တည်ထားကိုးကွယ်မည့် စေတီတော်တို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တရုတ်နိုင်ငံ၏ အစောပိုင်းကာလ ဗုဒ္ဓဘာသာထွန်းပထင်လင်းရာ နေရာဒေသတစ်ခုအဖြစ် ထင်ရှားသည့် လုံမင်းကျောက်လိုဏ်ဂူ ရုပ်ပွားတော်များအား သွားရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် လော့ယန်းမြို့မှ အထူးအမြန်ရထားဖြင့် ရှန်းစီးပြည်နယ် ရှီအန်းမြို့သို့ ထွက်ခွာခဲ့ကြပြီး ရထားလမ်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ခင်းမြေ၊ စားကျက်မြေနှင့် စိုက်ကွင်း စိုက်ကွက်များစနစ်တကျစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် တရုတ်ပြည် ချင်မင်းဆက်က ပြုလုပ်ခဲ့သည့် သစ်သားရွှံ့စေးမံစစ်သည်တော်များ (Terra-Cotta Worriors) တူးဖော်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Terra-Cotta Museum သို့ သွားရောက်လေ့လာကြပြီး ညနေပိုင်းတွင် တရုတ်နိုင်ငံ၏ သမိုင်းကြောင်း တစ်လျှောက် ရှေးအကျဆုံး လက်ရိုးတော်ဘုရားတည်ရှိရာ ဖာမင်စီဘုရားကျောင်းတော်သို့သွားရောက်၍ ဌာပနာတိုက်အတွင်း တည်ထားကိုးကွယ်သည့် လက်ရိုးတော်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်ပို့ဆောင်အပ်နှင်းပြီးကြောင်း သဘောတူစာချုပ်ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တရုတ်သာသနာရေး ဗျူရိုဝန်ကြီး မစ္စတာဝမ်ဇောင်အန်းတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးကျော်စွာမင်းအား စပိန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကျော်စွာမင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မူဆယ်ခရိုင် မူဆယ်မြို့၌ (၇)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က မူဆယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက (၇၉)ကြိမ်မြောက် သွေးလှူရှင် ဦးမြဟန်အား သွေးလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့လက်မှုထည်များအတွက် သတင်းကောင်း

ရန်ကုန် ဇန်နဝါရီ ၂

အာဆီယံ-ဂျပန်စင်တာ(AJC)မှ ကြီးမှူး၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများမှ လုပ်ငန်းရှင်များအား စွမ်းအားစုမြှင့်တင်ပေးသည့် အစီအစဉ်တစ်ရပ်အနေဖြင့် AJC နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၄ ရက်တွင် မန္တလေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ ဂျပန်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်ရေး အထောက်အကူပြုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

ထိုးဖောက်ဝင်ရောက်

အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ CLMV နိုင်ငံများမှ ပို့ကုန်လုပ်ငန်းရှင်များနှင့် ကုန်ထုတ်လုပ်သူများ၏ ကုန်ပစ္စည်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူဖြစ်စေရန် ၂၀၁၂ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် INACRAFT 2012 ပြပွဲသို့ ပါဝင်ပြသမည့်သူများ ရွေးချယ်ရာတွင် အကြံပြုရန်နှင့် ဒီဇိုင်း၊ ကုန်ပစ္စည်းအရည်အသွေးများ တိုးတက်ကောင်းမွန်၍ ဂျပန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်တို့ ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ ကနုကမာလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ ကြိမ်ထည်လုပ်ငန်းများ အပါအဝင် လက်မှုပစ္စည်းထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်သည်။

သို့ဖြစ်၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၂၁၄၃၄၄ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်ကိုင်း-မင်းကွန်းလမ်း ကွန်ကရစ်ခင်းကျင်းမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့ ခြံတော်ကြီး-ရွှေဟသ်ာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် အဆိုပါလမ်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်အားပေးသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးဇော်ဝင်းတို့က အရှည်ပေ ၉၆၀နှင့် အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်း-မင်းကွန်းလမ်း ကွန်ကရစ်ခင်းနေမှု၊ တိုးချဲ့မြစ်ရေတင်လုပ်ငန်းနှင့် ရေလှောင်ကန်များ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းစက်မှုဇုန်သို့ သွားရောက်ပြီး စစ်ကိုင်းမြို့ တိုးချဲ့ရေပေးဝေရေးအခြေအနေများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဟွန်ဒါ မြန်မာကုမ္ပဏီလီမိတက်၏ အထပ်သားနှင့် သစ်အချောကိုင်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

စုပေါင်းလမ်းလျှောက်

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင် ပြည်သူများနှင့်အတူ မုံရွာမြို့ မြို့တော်ခန်းမရှေ့မှ မြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ပြည်သူ့အားကစားကွင်းသို့လည်းကောင်း စုပေါင်းလမ်းလျှောက်ကြကာ ပြည်သူ့အားကစားကွင်း၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)နှင့် အတွဲ(၂)တို့ကို တပျော်တပါး ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးလိမ္မာ နည်းပြသင်တန်းဖွင့်

ညောင်လေးပင် ဇန်နဝါရီ ၂

ညောင်လေးပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ (၃၈)ဖြာမင်္ဂလာနည်းပြဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် မင်းလမ်းရှိ အသင်းတိုက်ခန်းမ၌ကျင်းပရာ ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ဥက္ကဋ္ဌ ဦးတင်ဝင်း (မဟာမင်္ဂလဓမ္မဇောတိကဓဇ)နှင့်သင်တန်းဆရာများ၊ မြို့နယ်အသင်းမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးရဲလွင်တို့က အမှာစကားပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လူမှုဝန်ထမ်းဦးစီးဌာန တောင်ဥက္ကလာပ မူလတန်းကြိုကျောင်း ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသည့် ရင်သွေးငယ်များအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူပြာ ဆုပေးအပ်ချီးမြှင့်စဉ်။ (၀၄၃)

အထက်ပိုင်းဒေသများတွင် မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှ အပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ပင်လောင်းမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၅၇ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကိုးရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေးသည်။

ပြည်တွင်းပြည်ပရတနာကုန်သည်များသည် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြသည့်အပြင် ခန်းမပထမထပ်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင်များမှ ရတနာပစ္စည်းများကိုလည်း ကြည့်ရှုလေ့လာဝယ်ယူကြသည်။

ပြည်တွင်းပြည်ပရတနာကုန်သည်များ အဆင်ပြေလွယ်ကူစွာ ကြည့်ရှုလေ့လာဝယ်ယူနိုင်ရေးအတွက် ပြပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း (၂၉)တွဲ ရောင်းချရပြီး ပြပွဲကာလအတွင်း ကျောက်စိမ်းအတွဲ စုစုပေါင်း (၈၂၅၀)တွဲ ရောင်းချရသည်။ ပြပွဲကို ဇန်နဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒီဇင်ဘာလ အားကစားပြိုင်ပွဲများ ကျင်းပစဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်အားပေးသည်။

စုပေါင်းလမ်းလျှောက်ပွဲကို နံနက် ၆ နာရီတွင် ဝင်းသူဇာအရောင်းဆိုင်ရှေ့မှ တာလွှတ်ရာ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ အိမ်ထောင်စုဝင်မိသားစုများ စုစုပေါင်းအင်အား ၂၀၀ခန့် ပါဝင်ဆင်နွှဲကြပြီး ဝန်ကြီးဌာန ရုံးအမှတ်(၃၃) ကားရပ်နားကွင်း၌ ပန်းဝင်ကြသည်။

နံနက် ၉ နာရီတွင် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲများကျင်းပပြီး ဆုရရှိသောအသင်းများနှင့် စုပေါင်းလမ်းလျှောက်ပွဲတွင် ဆုရရှိသူများအား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

မန်ယူနည်းပြဖာဂူဆန် နောက်ထပ်သုံးနှစ် ဆက်လက်တာဝန်ထမ်းဆောင်မည်

လန်ဒန် ဇန်နဝါရီ ၂

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်၌ အသက် ၇၀ ပြည့်ခဲ့ပြီဖြစ်သော နည်းပြဖာဂူဆန် မန်ယူနည်းပြအဖြစ် နောက်ထပ် သုံးနှစ်တာဝန်ယူဦးမည်ဖြစ်ကြောင်း ၎င်းက ဇန်နဝါရီ ၂ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

၁၉၈၆ခုနှစ်မှ စတင်ကာ မန်ယူအသင်းနည်းပြတာဝန်ယူခဲ့သူ ဖာဂူဆန်သည် **(အပေါ်ပုံ)** အိုးထရက်ဖို့ဒ်ကွင်း၌ ဘောလုံးပွဲပေါင်း ၁၄၂၁ပွဲကို နည်းပြတာဝန်ယူခဲ့ရာ ၈၄၃ ပွဲနိုင်ပြီး ၃၂၈ ပွဲ သရေကျကာ ပွဲပေါင်း ၂၅၀ ရှုံးနိမ့်ခဲ့သည်။ ယင်းပွဲများအနက် ဒီဇင်ဘာ ၃၁ ရက် ညက ယှဉ်ပြိုင်ကစားခဲ့သော ဘလက်ဘန်းပွဲ အပါအဝင်ဖြစ်သည်။ ဘလက်ဘန်းနှင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ရမှုအပေါ် "ဘောလုံးပွဲတွေမှာ အရှုံးရလဒ်နဲ့ရင်ဆိုင်ရတာ မထူးဆန်းပါဘူး။ ကျွန်တော့်အသက် ၇၀ ပြည့်တဲ့အချိန်မှာ ဒီရလဒ်အတွက် ကြီးမားတဲ့ စိတ်ခံစားမှုမဖြစ်ပါဘူး။ မန်ယူနည်းပြအဖြစ် ရလဒ်ကောင်းတွေ ဆောင်ကြဉ်းသွားဦးမှာပါ"ဟု နည်းပြ ဖာဂူဆန်က ပြောကြားခဲ့သည်။

လူတစ်ဦးအတွက် စိတ်ပါဝင်စားသည့်အလုပ်ကို လုပ်နေခြင်းသည် ကျန်းမာရေးအတွက်အကောင်းဆုံးဖြစ်ကြောင်း နည်းပြကြီးဖာဂူဆန်က ပြောကြားသည်။ ဖာဂူဆန်သည် နည်းပြအဖြစ် မန်ယူအသင်းအား ပရီမီယာလိဂ်ဖလား ၁၂ ကြိမ်၊ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား ငါးကြိမ်ရရှိအောင် ဆွတ်ခူးပေးထားနိုင်သူဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ချန်ပီယံတင်းနစ်ပြိုင်ပွဲ ဂျိုကိုဗစ် အနိုင်ရဗိုလ်စွဲ

အဘူဒါဘီ ဇန်နဝါရီ ၂

ဆားဘီးယားတင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်သည် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့သော ကမ္ဘာ့တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် စပိန်တင်းနစ်ကစားသမား ဒေးဗစ်ဖာရာကိုနိုင်ပြီး အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ဒေးဗစ်ဖာရာအား ၆-၂၊ ၆-၁ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျိုကိုဗစ်သည်ပြိုင်ပွဲတွင် အနိုင်ရခဲ့သဖြင့် ဆုကြေးငွေအမေရိကန် ဒေါ်လာ ၂၅၀၀၀၀ ဆွတ်ခူးရရှိသွားခဲ့သည်။

ဂျိုကိုဗစ်သည် ယင်းပွဲအနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် လာမည့် ဇန်နဝါရီ ၁၆ရက်တွင် ကစားမည့် သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဖလားကာကွယ်ရန် ပြင်ဆင်ထားသည်။ ၎င်းသည် ၂၀၁၁ခုနှစ်အတွင်း ဂရင်းဆလမ်ဖလားသုံးလုံးအပါအဝင် ဖလား ၁၀လုံး ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဘက်ခမ်း မေဂျာလိဂ်မှာ ဆက်ကစားဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၂

ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းဟာ လော့စ်အိန်ဂျလိစ်ကလပ်ဂလက်ဆီအသင်းနဲ့ ထပ်မံစာချုပ်ဖို့ စဉ်းစားနေဆဲဖြစ်ပါတယ်။

အယ်လ်အေဂလက်ဆီအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုနိုင်တာကြောင့် ပီအက်စ်ဂျီအသင်းရဲ့ ကမ်းလှမ်းချက်ကို ပယ်ချဖွယ်ရှိပါတယ်။ အသက် ၃၆ နှစ်ရှိပြီဖြစ်တဲ့ ဘက်ခမ်းဟာ မေဂျာလိဂ်မှာဆက်နေဖို့၊ မနေဖို့ကိစ္စ အပြတ်စဉ်းစားနေဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကာတာသူဌေးပိုင် ပဲရစ်စိန့်ဂျာမိန်းအသင်းရဲ့ ကမ်းလှမ်းချက်ကိုလည်း လက်ခံထားသူပါ။ စက်တင်ဘာလတုန်းက ပြင်သစ်ကလပ် ပဲရစ်စိန့်ဂျာမိန်းက ဘက်ခမ်းကိုခေါ်ယူဖို့ စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားထားတာ ရှိပါတယ်။ **(အင်တာနက်)**

မူဆယ်၌ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

မူဆယ် ဇန်နဝါရီ ၂

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့နယ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာ ၃၊ ၁၀၊ ၁၇၊ ၂၄၊ ၃၁ ရက်နေ့များတွင် မူဆယ်မြို့ မြို့တော်ခန်းမရှေ့၌ကျင်းပခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို မင်းခေါင်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်

ရေး ဇန်နဝါရီ ၂

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မွန်ပြည်နယ် ရေးမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်း အရှည်ပေ၁၁၈၀၊ အကျယ်၁၂ပေလမ်းရှိ သီရိနန္ဒာရပ်ကွက် မင်းခေါင်လမ်းကတ္တရာထပ်ပိုးလွှာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းနိုင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **နေမျိုးထွဋ် (ရေး)**

ရန်ကုန်ဈေးအချို့ ပြင်ဆောက်မည်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့အတွင်းရှိ ဈေးဟောင်းများအား အဆင့်မြင့်ဈေးသစ်များအဖြစ် တည်ဆောက်ရေးစီမံကိန်းများ ချမှတ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အတည်ပြုချက်အရ သိရှိရသည်။ "ဈေးတွေက ဟောင်းနွမ်းနေတော့ ဈေးသည်တွေနဲ့ ဈေးဝယ်သူတွေအတွက် အဆင်မပြေတဲ့အပြင် မြို့တော်အင်္ဂါရပ်နဲ့ မညီညွတ်တော့လို့ ပြန်လည်ပြုပြင်ဖို့ ညှိနှိုင်းမှုတွေ ပြုလုပ်ရမှာပါ။အခုလက်ရှိမှာတော့ ဘုရင့်နောင်ကားပစ္စည်း ဈေးကို စတင်တည်ဆောက်ဖို့ ဂမုန်းပွင့် ကုမ္ပဏီက တာဝန်ယူထားပါတယ်။ ၂၀၁၂ခုနှစ် ဇွန်လလောက်ကို အပြီးတည်ဆောက်ဖို့ လျာထားပါတယ်။ ဈေးတွေက ဟောင်းလာတော့ မီးဘေးစိုးရိမ်ရတယ်လေ။ နောက်ပြီး သန့်ရှင်းရေးနဲ့ လုံခြုံရေးစတာတွေကို ပြုပြင်ဖို့အတွက် အသစ်တည်ဆောက်ရတာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကြီးတန်း တာဝန်ရှိသူတစ်ဦးက ရှင်းပြပါတယ်။

ပြောကြား

လက်ရှိတွင် အသစ်တည်ဆောက်လျက်ရှိသည့် သဃ်န်းကျွန်းဈေးကြီးအပြင် ဆိုင်ခန်းရှင်တချို့ ကန့်ကွက်မှုများ၊ ထောက်ခံမှုများ၊ တိုင်ကြားမှုများ စသည်ဖြင့် ဖြစ်ပွားလျက်ရှိသော မြေနီကုန်း ရှမ်းလမ်းဈေး၊ လူစည်ကားလျက်ရှိသည့် ယာယီတာမွေဈေးများကိုလည်း ၂၀၁၂ အတွင်း ပြုပြင်ဆောက်လုပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

"ဈေးတစ်ခုကို ပြုပြင်မယ်၊ ပြန်ဆောက်မယ်ဆိုရင် ပြဿနာကတော့ ရှိတာပဲ။ တချို့က အသစ်ကိုလိုချင်ကြတယ်။ တချို့ကျတော့လည်း အရင်နေရာ၊ ရောင်းဝယ်မှုအဆင်ပြေနေတာလေး ပျက်သွားမှာ၊ နေရာရွှေ့ရမှာကို စိုးရိမ်ကြတယ်။ ဒီလိုပဲ ညှိနှိုင်းပြီး ဆောင်ရွက်ရမှာပဲ"ဟု ရှမ်းလမ်းဈေးမှ ဆိုင်ခန်းပိုင်ရှင်တစ်ဦးက ဆိုသည်။

ရှမ်းလမ်းဈေးအား လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အကြာက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဈေးသည်များမှာလည်း သက်ဆိုင်ရာ အင်န်ဂျီအိုအဖွဲ့အစည်းများထံသို့ တင်ပြအကူအညီတောင်းခံရန် ကြိုးပမ်းလျက်ရှိသည်။ ယခုအခါတွင် ဈေးသည်များအား ဟံသာဝတီအခွန်လွတ်ဈေးအတွင်းသို့ ပြောင်းရွှေ့ရောင်းချရန် ညွှန်ကြားထားကြောင်း သိရှိရသည်။ (၁၅၀)

ဘောလုံးပြိုင်ပွဲဖွင့်

ဒီဇင်ဘာ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂၆) ရပ်ကွက် လုံးဆိုင်ရာ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဒီဇင်ဘာ ၂၄ ရက်က ကျောက်ကြီးမြို့နယ်၌ လူထုလမ်းလျှောက်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ မြို့လယ်တြိဂံကွေ့မှ အနော်ရထာလမ်းမကြီးအတိုင်း မြို့အဝင်ဂိတ်အထိ စုပေါင်းလမ်းလျှောက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

အားသစ် မာန်သစ် - နိုင်ငံသစ်

ရန်ကြီးအောင်

"အားသစ် မာန်သစ်၊ နိုင်ငံသစ်
မော်ကွန်းတွင်ရစ်၊ သည်တစ်ခေတ်
စာမျက်နှာသစ်၊ နှစ်ထောင့်တစ်ဆယ့်နှစ်"

မင်္ဂလာရှိသော တိုးတက်ပြောင်းလဲမှုများဖြင့် ထုံမွမ်းအပ်သော ၂၀၁၁ ခုနှစ်သည်ကား စိတ်အားတက်ကြွမှု၊ ကြည်လင်လန်းဆန်းမှုများဖြင့် ပြီးဆုံးသွားခဲ့လေပြီ။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်သည့် မြန်မာနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယသည်ကား နိုင်ငံသမိုင်းတွင် မော်ကွန်းတင်ရစ်မည့် ခေတ်သစ်တစ်ခေတ်၏ ပထမဆုံးနှစ်သစ်မုခ်ဦးဟု ဆိုနိုင်ပေလိမ့်မည်။

၂၀၁၁ ခုနှစ်သည် ခေတ်ဟောင်းနှင့်ခေတ်သစ် အကူးအပြောင်းကာလဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့်နောက်ပိုင်း နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလအတွင်း ၂၀၁၁ ခုနှစ်လောက် ထူးခြားသည့် အပြောင်းအလဲများ၊ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများနှင့် ပြည့်လျှံသည့် နှစ်ကာလမျိုး ရှားလှသည်။ မြန်မာပြည်သူများသာမက ကမ္ဘာတစ်ဝန်းကပင် ရင်သပ်ရှုမော အံ့သြရလောက်အောင် ထူးထူးကဲကဲ ပြောင်းလဲမှုများဖြစ်သည်။

သို့သော် သေသေချာချာ ရှာဖွေစေ့ငု၊ လေ့လာမှုပြုတတ်သည့် သုတေသီများအတွက်မူ ၂၀၁၁ ခုနှစ်တွင် ထွက်ပေါ်လာခဲ့သည့် မြန်မာအစိုးရသစ်သည် စတင် တာဝန်ယူခဲ့ချိန်ကပင် ရှေ့ဆက်လုပ်ဆောင်သွားမည့် မူဝါဒလမ်းစဉ်နှင့် လုပ်ငန်းတာဝန်ရည်မှန်းချက်များကို ရှင်းလင်းပြတ်သားစွာ ဖော်ပြခဲ့ပြီး ပြောသည့်အတိုင်း ဖြစ်မြောက်အောင်မြင်အောင် ခွန်စိုက်အားစိုက် အကောင်အထည်ဖော်နေခြင်း ဖြစ်သည်ကိုလည်း အထင်အရှားတွေ့နိုင်သည်။

၂၀၁၁ ခုနှစ် မတ်လ (၃၀)ရက်နေ့မှအစပြု၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်မည့် မူဝါဒလမ်းစဉ်များ၊ လုပ်ငန်းတာဝန်များကို ချမှတ်ဖော်ဆောင်လုပ်ကိုင်ခဲ့ကြရာမှ ကာလတိုအတွင်းမှာပင် အများမထင်မှတ်၊ မမျှော်လင့်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဆယ်လပင်မပြည့်သည့် အချိန်ကာလအတွင်း ဇယ်ဆက်သကဲ့သို့ အစီအရီတစဉ်တတန်းကြီး ဖြစ်ထွန်းလာခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအနက်မှ ပဲ့ကိုင်ခေါင်းချုပ်ဟုဆိုနိုင်သည့် နိုင်ငံရေးအပိုင်းမှ ပြုပြင်ပြောင်းလဲဖော်ဆောင်မှုများကို လေ့လာတင်ပြလိုပါသည်။

တစ်ဆစ်ချိုးအလှည့်အပြောင်း၏ မောင်းနှင်အား

နိုင်ငံရေးကဏ္ဍတွင် တစ်သွေးတစ်သံတစ်မိန့်အာဏာပိုင် တပ်မတော်အစိုးရအဖြစ် အုပ်ချုပ်နေရာမှ နှစ်ပိုင်း လပိုင်းအတွင်း ရွေးကောက်ပွဲကျင်းပကာ ရွေးကောက်ခံအစိုးရတစ်ရပ် တင်မြှောက်ခဲ့ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ်သို့ ပီပီပြင်ပြင် စတင်ပြောင်းလဲကျင့်သုံးခဲ့သောအခါ နိုင်ငံတကာအသိုက်အဝန်းမှ လေ့လာသူအတော်များများ မျက်စိလည်သွားခဲ့ကြသည်။

ဤသို့ နိုင်ငံရေးစနစ် တစ်ဆစ်ချိုးပြောင်းလဲသွားခဲ့ခြင်း၏ နောက်ကွယ်မှ အကြောင်းတရားများကား အဘယ်နည်းဟု အမောတကော မေးခွန်းထုတ်လာခဲ့ကြသည်။ စင်စစ်၌ ယခုကဲ့သို့ နိုင်ငံရေးစနစ် တစ်ဆစ်ချိုးပြောင်းလဲသွားခြင်းသည် မမျှော်လင့်ဘဲ ရုတ်တရက်ပေါ်ပေါက်လာသော ကြုံကြိုက်မှုတရား မဟုတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရက ရှေ့လုပ်ငန်းစဉ် မူဝါဒခုနစ်ရပ်ဖြင့် ချမှတ်လုပ်ဆောင်ခဲ့သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ၏ အကျိုးဆက်သာ ဖြစ်ချေသည်။

တပ်မတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံရေးအုတ်မြစ်အခြေခံသာမက စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌လည်း အခြေခံကောင်းများကို ချမှတ်ထူထောင်ပေးခဲ့သည်။

ထို့ပြင် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လျက်ရှိသော ဒီမိုကရေစီ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

အလှည့်အပြောင်း၌ အီရတ်နှင့် အာဖဂန်နစ္စတန်တို့ကဲ့သို့ ပြင်ပမှ အတင်းအကျပ်သွတ်သွင်းခံလိုက်ရသည့် ဒီမိုကရေစီ သွတ်သွင်းခံနိုင်ငံများ၊ အီဂျစ်၊ လစ်ဗျား၊ ဆီးရီးယား၊ ယီမင်၊ ဘာရိန်းတို့ကဲ့သို့ အောက်ခြေကလှုပ်၍ အုပ်စိုးသူကို အင်အားသုံး ဖြုတ်ချပြောင်းလဲရန် ကြိုးစားခဲ့ကြသည့် ဒီမိုကရေစီ မြေလှန်ပြောင်းလဲရေး အာရပ်နွေဦး၏ လေရူးထန်နေသော နိုင်ငံများ၏ မတည်မငြိမ် သွေးထွက်သံယိုမြင်ကွင်း အခြေအနေများနှင့် နှိုင်းယှဉ်ပါက အတိုင်းအတာတစ်ရပ်အထိ တည်တည်ငြိမ်ငြိမ် အောင်အောင်မြင်မြင် အေးအေးချမ်းချမ်း ပြောင်းလဲပေးနိုင်ခဲ့သော တပ်မတော်အစိုးရ၏ လုပ်ရပ်နှင့် နိုင်ငံအပေါ်ထားရှိသည့် စေတနာကို အသိအမှတ်ပြုကြရမည်သာ ဖြစ်သည်။

အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး ဦးစားပေးကြိုးပမ်းခဲ့သည်

အစိုးရသစ်၏ ကိုးလတာကာလအတွင်း ကမ္ဘာ့အဆင့်အထိ လူသိထင်ရှားအဖြစ်ဆုံးနှင့် အသိအမှတ်ပြုခံရဆုံး လုပ်ရပ်မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးကာ နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

အစိုးရသစ် တက်ရောက်လာခဲ့ပြီးနောက် (၂၅-၇-၂၀၁၁) ရက်နေ့မှ (၁၂-၈-၂၀၁၁)ရက်နေ့အတွင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ (၃)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး (၁၉-၈-၂၀၁၁)ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည့်အဆင့်အထိ ရောက်ရှိလာခဲ့ခြင်းမှာ လျင်မြန်စွာတိုးတက် ပေါက်မြောက်အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်၍ ပြည်တွင်း ပြည်ပမှ မထင်မှတ် မမျှော်လင့်ထားသော ကိစ္စအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

"စေတနာမှန်လျှင် ရောင်ပြန်ဟပ်တတ်သည်" ဟူသော ဆိုရိုးစကားအတိုင်း နှစ်ဦးနှစ်ဖက် စိတ်ရင်းစေတနာမှန်ဖြင့် ယုံကြည်နိုင်ခဲ့ကြခြင်း၏ အကျိုးဆက်အဖြစ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တရားဝင်နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ကာ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြခြင်းသည်လည်း ကမ္ဘာတွင်ရော မြန်မာ၌ပါ ပြောစမှတ်ပြုကြရမည့် နောက်ထပ်ထူးခြားအောင်မြင်မှုတစ်ရပ် ဖြစ်ခဲ့ရပြန်သည်။

အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး ကြိုးပမ်းမှုတွင် နောက်ထပ် သိသာထင်ရှားသောလုပ်ရပ်မှာ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ခံစားနေကြရသော နိုင်ငံသားများအား ပြစ်ဒဏ်လျှော့ပေါ့ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ်ထုတ်ပြန်ကြေညာပေးခဲ့ခြင်းဖြစ်သည်။ လွတ်မြောက်လာကြသူ နိုင်ငံသားများ၏ ကာယအား ဉာဏအားတို့ဖြင့် နိုင်ငံတော်သစ်ကြိုးပမ်းတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် မိမိတို့အားသန်ရာ ကဏ္ဍအသီးသီးမှ ပါဝင်ဖြည့်ဆည်း ထောက်ကူပေးနိုင်ကြပေတော့မည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်း အားသွန်ကြိုးပမ်းခဲ့သည်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ အမြင်နှင့် လမ်းစဉ်မူဝါဒများမှာ ရှင်းလင်းပြတ်သား ကြည်လင်လှသည်။ ၁၀-၃-၂၀၁၁ရက်နေ့ ပြည်ထောင်စုလွှတ်[...] ၌ ပြောကြားခဲ့သည့် သမ္မတကြီး၏ မိန့်ခွန်းပါပြောကြားချက်မျာ[...] အညီ အခြေခံဥပဒေကို လက်မခံနိုင်သေးသည့် ဥပဒေတွင်း၊ ဥ[...] ပြင်ပမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့[...] ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် စေ့စပ်ဆွေ[...] ညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေး ဆွေးနွေးကြရာ[...] သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းအလိုက် နိုင်ငံတော်ဘ[...] နယ်မြေနှင့် လူထုအကြောင်း ကျွမ်းကျင်နားလည်သည့် လွှတ်[...] ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဝန်[...] များကို ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့များအဖြစ် ဖွဲ့စည်[...] တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးကြရာ၌ ပြည်နယ်အဆင့်၊ ပြည်ထော[...] အဆင့်နှင့် လွှတ်တော်အဆင့်ဟူ၍ အဆင့်သုံးဆင့်ထားရှိ၍ ဆွေ[...] သွားရန် စီစဉ်ထားသည်။ ပြည်နယ်အဆင့်တွင် အပစ်အခတ်[...] ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့လုပ်ငန်းစဉ်အတွက် က[...] သဘောတူညီချက် ရယူခြင်းဖြစ်ပြီး ပြည်ထောင်စုအဆင့်[...] နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ရန်ဖြစ်သ[...] ပြည်ထောင်စုအဆင့် တစ်ဖွဲ့ချင်း တွေ့ဆုံညှိနှိုင်း သဘောတူ[...] များရရှိပြီးပါက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ပေါင်း[...] လွှတ်တော်၌ဖိတ်ကြား၍ ဘုံသဘောတူညီချက်ရအောင် ဆွေ[...] ကြမည်၊ လိုအပ်ပါက အခြေခံဥပဒေကို ပြင်ဆင်ပေးမည်၊ နောက[...] တွင် ထာဝရငြိမ်းချမ်းရေးအတွက် ပြီးပြည့်စုံသော အဆုံးသတ်သ[...] တူညီချက်စာချုပ်ကို ပြည်ထောင်စုလွှတ်တော်တွင်း၌ တရာ[...] ချုပ်ဆိုကြမည်။ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် လ[...] မိမိတို့ဆန္ဒအလျောက် နိုင်ငံရေးပါတီများအဖြစ် အသွင်ပြောင်[...] ဖွဲ့စည်းလုပ်ဆောင်သွားနိုင်ကြမည်ဖြစ်သည်။

အဆိုပါ အဆင့် (၃)ဆင့်ဖြင့် လျာထားသတ်မှတ်ပြီး နိုင်ငံ[...]

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် 4th GMS Summit သို့ GMS နိုင်ငံအကြီးအကဲများ ဤသို့ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

ည်လင်လှသည်။ ၃၀-၃-၂၀၁၁ရက်နေ့ ပြည်ထောင်စုလွှတ်တော် ပြာကြားခဲ့သည့် သမ္မတကြီး၏ မိန့်ခွန်းပါပြောကြားချက်များနှင့် ည့် အခြေခံဥပဒေကို လက်မခံနိုင်သေးသည့် ဥပဒေတွင်း၊ ဥပဒေ ပမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သော ဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေး င်းမှုများကို ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေး ဆွေးနွေးကြရာတွင် ာ်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းအလိုက် နိုင်ငံတော်ဘက်မှ မြေနှင့် လူထုအကြောင်း ကျွမ်းကျင်နားလည်သည့် လွှတ်တော် ာ်စားလှယ်များနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဝန်ကြီး ကို ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့များအဖြစ် ဖွဲ့စည်း၍ ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးကြရာ၌ ပြည်နယ်အဆင့်၊ ပြည်ထောင်စု ာင့်နှင့် လွှတ်တော်အဆင့်ဟူ၍ အဆင့်သုံးဆင့်ထားရှိ၍ ဆွေးနွေး ရန် စီစဉ်ထားသည်။ ပြည်နယ်အဆင့်တွင် အပစ်အခတ်ရပ်စဲ နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့လုပ်ငန်းစဉ်အတွက် ကနဦး ဘာတူညီချက် ရယူခြင်းဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် ရေးအရ တွေ့ဆုံညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ရန်ဖြစ်သည်။ ထောင်စုအဆင့် တစ်ဖွဲ့ချင်း တွေ့ဆုံညှိနှိုင်း သဘောတူညီမှု ရရှိပြီးပါက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ပေါင်းစုံကို

ာ်တော်၌ဖိတ်ကြား၍ ဘုံသဘောတူညီချက်ရအောင် ဆွေးနွေး ည်၊ လိုအပ်ပါက အခြေခံဥပဒေကို ပြင်ဆင်ပေးမည်၊ နောက်ဆုံး ထာဝရငြိမ်းချမ်းရေးအတွက် ပြီးပြည့်စုံသော အဆုံးသတ်သဘော ညီချက်စာချုပ်ကို ပြည်ထောင်စုလွှတ်တော်တွင်း၌ တရားဝင် ဆိုကြမည်။ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့်လည်း ကို့ဆန္ဒအလျောက် နိုင်ငံရေးပါတီများအဖြစ် အသွင်ပြောင်းလဲ ည်းလုပ်ဆောင်သွားနိုင်ကြမည်ဖြစ်သည်။

အဆိုပါ အဆင့် (၃)ဆင့်ဖြင့် လျာထားသတ်မှတ်ပြီး နိုင်ငံတော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ အမေရိကန်၊ ဩစတြေးလျတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နယူးဇီလန်နှင့် ရုရှားနိုင်ငံတို့မှ အထူးကိုယ်စားလှယ်များ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် EAST ASIA SUMMIT တွင် တွေ့ဆုံကြစဉ်။

အစိုးရနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း (၁၀) ဖွဲ့နှင့် ဆက်သွယ်ကာ ငြိမ်းချမ်းရေးဆွေးနွေးခဲ့ရာတွင် ကချင်လက်နက်ကိုင်အဖွဲ့မှလွဲ၍ ကျန်အဖွဲ့များနှင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အဆင်ပြေချောမွေ့အောင်မြင်ခဲ့ပြီး အဖွဲ့လေးဖွဲ့ခန့်မှာ ပြည်နယ်အဆင့် ပဏာမသဘောတူညီချက်ရရှိခဲ့ပြီ ဖြစ်သည်။ ယင်းတို့အနက်မှ ကလိုထူးဘော(ယခင် DKBA) အဖွဲ့နှင့် အထူးဒေသ(၄)အဖွဲ့တို့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ကျန်အဖွဲ့များမှာလည်း ဆွေးနွေးမှုများ အရှိန်ရစပြုနေပြီဖြစ်ရာ မြန်မာနိုင်ငံ အရှေ့ဘက်ကုန်းပြင်မြင့်တစ်လျှောက် ယခင်က ပစ်သံခတ်သံများ ဆူညံနေခဲ့သည့် ဒေသများစွာတွင် သေနတ်သံ ကင်းဆိတ်ကာ ငြိမ်းချမ်းရေး ချိုးကူသံများကို သာယာနာပျော်ဖွယ် ကြားလာရပြီဖြစ်သည်။

နယ်မြေအေးချမ်းလာသည့်အလျောက် အဆိုပါဒေသများတွင် နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပါအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ထူထောင်ခြင်း၊ အလုပ်အကိုင် ဖန်တီးပေးခြင်း၊ ဒေသခံလူထု၏ဝင်ငွေနှင့် လူမှုဘဝမြင့်မားရေးဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို အပြောသက်သက်မဟုတ် အလုပ်နှင့်သက်သေပြကာ ဖော်ဆောင်လျက်ရှိသည်။

သို့ရာတွင် အရာခပ်သိမ်း၌ပြီးပြည့်စုံကာ ခြောက်ပြစ်ကင်းသဲလဲစင်မဖြစ်နိုင်သည့် ဓမ္မတာအတိုင်း ကချင်ပြည်နယ်ဘက်တွင်မူ ယနေ့ထက်တိုင် ပစ်သံခတ်သံတို့က ပြိုးပြိုးပြောက်ပြောက်ကြားနေရဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရဘက်မှမူ တိုင်းရင်းသားညီအစ်ကိုနောင်ဖွားအချင်းချင်းဟူသော စိတ်ဓာတ်ဖြင့် စိတ်ရှည်သည်းခံကာ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းလျက်ရှိသည်။ ကချင်လူထုအပါအဝင် မြန်မာပြည်သူတို့၏ သဘောထားဆန္ဒနှင့်အညီ (၃၀-၉-၂၀၁၁) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးက မြစ်ဆုံတမံစီမံကိန်းကို ရပ်ဆိုင်းပေးခဲ့သည်။ (၁၀-၁၂-၂၀၁၁)ရက်နေ့တွင် နိုင်ငံတော်သမ္မတက မြန်မာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များအား မိမိကိုယ်ကို ခုခံကာကွယ်ရန်မှလွဲ၍ ထိုးစစ်ဆင်တိုက်ခိုက်ပစ်ခတ်မှုများမပြုလုပ်ရန် လမ်းညွှန်ခဲ့သည်။ ထို့အပြင် စစ်ဘေးဒဏ်ကြောင့် နိုင်ငံတော်အစိုးရထိန်းချုပ်ထားသည့် မြို့ရွာနယ်ပယ်များသို့ တိမ်းရှောင်လာသူများသာမက တစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်း လှုပ်ရှားသည့် နယ်မြေအတွင်း၌ကျန်ရှိနေသည့် ဒေသခံတိုင်းရင်းသား ဒုက္ခသည်များအတွက်ပါ ရိက္ခာဆေးဝါးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးပရဟိတ အဖွဲ့အစည်းများ ပူးပေါင်းလျက် ပို့ဆောင်ပေးခဲ့သည်။ ဤသို့ စိတ်ရင်းစေတနာအမှန် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စိတ်ရှည်သည်းခံကာ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးကမ်းလှမ်းမှုများအား အနေးနှင့်အမြန် သဘောပေါက်နားလည်ကာ တုံ့ပြန်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုသို့ ဦးတည်

"အစိုးရအဖွဲ့သစ်၏ အရေးကြီးသောလုပ်ငန်းစဉ်မှာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ရန်ဖြစ်ကြောင်း"၊ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား (၃၀-၃-၂၀၁၁) ရက်နေ့တွင် မိန့်ကြားခဲ့သည်။ ထိုသို့ ဖြစ်စေရန်အတွက် လုပ်ငန်းများသည် ပွင့်လင်းမှု၊ တာဝန်ခံမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်သကဲ့သို့ ပြည်သူလူထု၏ ဆန္ဒသဘောထားကို အလေးထားကာ အားလုံးပါဝင်နိုင်မှုရှိပြီး သွက်လက်ထိရောက်မှု ရှိရမည်ဖြစ်ကြောင်းကိုလည်း တစ်ဆက်တည်း မိန့်ကြားခဲ့သည်။

အစိုးရအဖွဲ့၏ ဒုတိယလုပ်ငန်းစဉ်မှာ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေးပင်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၌ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရှိနေပြီဖြစ်သကဲ့သို့ ယင်းအခြေခံဥပဒေမှ ပေါ်ထွက်လာသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်မှာလည်း အပြန်အလှန်စစ်ဆေးထိန်းညှိမှုများဖြင့် သက်ဝင်လှုပ်ရှားလာပြီဖြစ်သည်။

ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာများတွင် ငွေကြေးနှင့်စပ်ဆိုင်သော ရောင်းချထုခွဲဝယ်ယူမှုများ၌ အိတ်ဖွင့်တင်ဒါစနစ်ကျင့်သုံးခြင်း၊ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ အမြင်နှင့် လမ်းစဉ်မူဝါဒများမှာ ရှင်းလင်းပြတ်သား ကြည်လင်လှသည်။ ၃၀-၃-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သည့် သမ္မတကြီး၏ မိန့်ခွန်းပါ ပြောကြားချက်များနှင့်အညီ အခြေခံဥပဒေကို လက်မခံနိုင်သေးသည့် ဥပဒေတွင်း၊ ဥပဒေပြင်ပမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေး ဆွေးနွေးကြရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းအလိုက် နိုင်ငံတော်ဘက်မှ နယ်မြေနှင့် လူထုအကြောင်း ကျွမ်းကျင်နားလည်သည့် လွှတ်တော်ကိုယ်စားလှယ်များ နှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများကို ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များအဖြစ် ဖွဲ့စည်း၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၁၉-၈-၂၀၁၁ ရက်က တွေ့ဆုံကြစဉ်။

၂၀၁၂ ခုနှစ်
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့
အမျိုးသားရေးဦးတည်ချက် (၄)ရပ်

☆ ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်း လျော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

☆ မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

စာမျက်နှာ ၉ မှ

သန့်ရှင်းသောအစိုးရ ဖြစ်ရေးအတွက် လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုများကို အရေးယူခြင်း စသည်တို့ကို တွေ့လာရသည်။

ပြည်သူလူထု၏ ဆန္ဒသဘောထားကို အလေးထားမှုနှင့်ပတ်သက်၍ အထင်ရှားဆုံးနှင့် လူသိအများဆုံးကိစ္စမှာ မြစ်ဆုံတမံရေအားလျှပ်စစ်စီမံကိန်းကို ရပ်ဆိုင်းပေးခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီကျင့်စဉ်နှင့် ပတ်သက်၍ အခြေခံဥပဒေပါ နိုင်ငံသားတို့၏ အခွင့်အရေးနှင့်ပတ်သက်၍ အကာအကွယ်ပေးနိုင်ရန် အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်မှာ မှတ်သားဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သည်။ အာဆီယံအသင်းဝင် ဆယ်နိုင်ငံအနက် လွတ်လပ်သော လူ့အခွင့်အရေး စောင့်ကြည့်ထိန်းသိမ်းရေးအဖွဲ့အစည်းရှိသည့်နိုင်ငံ ငါးနိုင်ငံသာရှိသေးပြီး ယင်းတို့အနက် မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာ နိုင်ငံတကာစံအဖြစ် သတ်မှတ်ထားသည့် ပဲရစ်အခြေခံသဘောတရားများနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတကာအဆင့်မီ အဖွဲ့အစည်းဖြစ်သည်။

အခြေခံဥပဒေပါ မဏ္ဍိုင်အဖွဲ့အစည်းသုံးရပ်မှာလည်း စတင်သက်ဝင်လှုပ်ရှားလာပြီဖြစ်ရာ ဥပဒေပြုလွှတ်တော်များအနေဖြင့် အတွေ့အကြုံနှင့် အသိပညာဗဟုသုတ လိုအပ်ချက်များကို အလျင်အမြန် ကြိုးစားဖြည့်ဆည်းကာ အစည်းအဝေးတစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုတက်ကြွ၍ ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်လာနိုင်ကြောင်း တွေ့ရသည်။ ခေတ်သစ်စနစ်သစ်တစ်ရပ်သို့ ကူးပြောင်းရာတွင် ပဓာနအကျဆုံးလုပ်ငန်းစဉ်တစ်ရပ်မှာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရေးဖြစ်သည်။ မြန်မာနိုင်ငံ၌ ဥပဒေပေါင်း ရှစ်ရာကျော်ရှိသည့်အနက် ထက်ဝက်ခန့်မှာ လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်မှ အမွေဆက်ခံခဲ့ရခြင်းဖြစ်ပြီး အချို့မှာ မြန်မာနိုင်ငံ လုံးလုံးလျားလျား ကျွန်မဖြစ်မီက ဗြိတိသျှ အိန္ဒိယကိုလိုနီတွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ဆက်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ခေတ်စနစ်နှင့် မညီတော့သည့် ဥပဒေများကို ဖျက်သင့်သည်ဖျက်၊ ပြင်သင့်သည်ပြင်ကာ အသစ်ပြဋ္ဌာန်းရန် လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးရန်မှာ ဥပဒေပြုအဖွဲ့၏ ကြီးမားသော တာဝန်ကြီးတစ်ရပ်ဖြစ်သည်။ ဥပဒေဆိုသည်မှာ ဆေးမင်ကြောင် စုတ်ထိုးသကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် ပြင်ရန်ခက်လှသည်ဖြစ်ရာ ဥပဒေမပြုမီ အပြန်ပြန်အလှန်လှန်စဉ်းစားကာ အချိန်ယူဝေဖန်ဆွေးနွေးသုံးသပ်ကြရသည်။ ထို့ကြောင့် ပြီးခဲ့သည့်လွှတ်တော်အစည်းအဝေးနှစ်ကြိမ်တွင် ဥပဒေဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းမှုပေါင်း (၁၅)ခုခန့်ကိုသာ ဆောင်ရွက်နိုင်ခဲ့သည်။

သို့ရာတွင် ဒီမိုကရေစီကျင့်စဉ်အတွက် များစွာအရေးပါသော ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှု ဥပဒေ၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ဥပဒေ စသည့် ဥပဒေသစ်များကို အချိန်တိုအတွင်း အောင်မြင်စွာ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမှာ ထူးခြားသော ဥပဒေပြုလုပ်ရပ်များဖြစ်ကြောင်း အသိအမှတ်ပြုရပေလိမ့်မည်။

(ဆက်လက်ဖော်ပြပါမည်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

* ဇန်နဝါရီ၊ လေးရက်ဆီ၌
ရာသီဆောင်းမိုး၊ နှင်းပေါက်ဖြိုးသား
တစ်ကိုးလေးရှစ်၊ သက္ကရာဇ်ဝယ်
ခေတ်သစ်ပန်းတိုင်၊ ဒို့လှမ်းနိုင်သည်
ရောင်စိုင်မီးရှူး၊ လင်းလင်းတည့်။

* ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
စွမ်းအားဖော်ပေး၊ လွတ်လပ်ရေး၏
ရောင်သွေးစုံလွှင့်၊ အောင်လံမြင့်ကား
ဝင့်ကာလွှင့်ပျံ၊ မိုးထက်ယံ၌
နိုင်ငံအတွက် ဂုဏ်ပြလျက်တည့်။

* နယ်ချဲ့စနစ်၊ အမွေညစ်ကြောင့်
နှစ်ပေါင်းတစ်ရာ၊ ကျွန်ဖြစ်လာသည့်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
ပေါင်းအားစုဝေး၊ ညီညွတ်ရေးဖြင့်
သွေးစည်းတန်ပြန်၊ တွန်းတော်လှန်ခဲ့
နယ်ချဲ့လက်အောက်၊ ဒူးမထောက်ဘဲ
လွတ်မြောက်တိုက်ပွဲ၊ ဆင့်ဆင့်နွှဲ၍
တွဲလက်မြဲခိုင်၊ အောင်ပန်းတိုင်သို့
တူပြိုင်သွဲ့သွဲ့၊ လျှောက်လှမ်းခဲ့သည်
ခြောက်ဆယ့်လေးနှစ်တိုင်ခဲ့ပြီ။
ဒို့လွတ်လပ်ရေးခိုင်မြဲသည်။ ။

နှင်းမောင်(ဇီးကုန်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ **နိဗ္ဗာန်ရောက်ကြောင်း တရား (၄)ပါး** တရားတော် (ရေတာရှည် ဆရာတော် အရှင်ပညာဝံသ)
၆:၂၅ ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၅)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၂၈)
၈:၄၅ Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၁၆)
၉:၀၅ စာပေမိတ်ဆက်ကဏ္ဍ **ထာဝရလန်းဆန်း ဆယ့်နှစ်ရာသီပန်းများ** (တင်ထွဋ်) စာအုပ်နှင့် မိတ်ဆက်ခြင်း
၉:၂၀ The Excellent Yangon Expo 2012
၉:၂၅ Cartoon Show Time (Road Rally)
၁၀:၁၅ ဓမ္မရောင်ခြည်လေးကျွန်းသာယာ စေတီတော်မြတ် ထီးတော်တင် မင်္ဂလာနှင့် ဖြူးဆရာတော် စံလွန်တော်မူ (၂)နှစ်ပြည့်အခမ်းအနား
၁၀:၂၅ Celebrity Style (အိမ့်ချစ်)
၁၀:၅၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းအစားထိုး ခွဲစိတ်ကုသ အောင်မြင်မှု အတွေ့အကြုံ ရှင်းလင်းခြင်း)
၁၁:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၃)
၁၂:၂၀ သင်ကြားရေးလမ်းညွှန် (မနောရမ္မပညာဒါနသင်တန်းကျောင်း)
၁၂:၃၅ မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဝန်ချသောနေ့ ရွှေရတုအကြိုပူဇော်ပွဲ
၂:၀၀ MRTV-4 သတင်း
၂:၂၀ ကလေးတို့အတွက်လမ်းညွှန် (Monument)
၂:၄၅ Activities in the City လမ်း(၃၀)ဆေးခန်း ဆေးလိပ်ဖြတ်ပွဲနှင့် အီကိုလိုင်းရောဂါအကြောင်း ဟောပြောပွဲ အခမ်းအနား
၃:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၂၈)
၄:၄၀ သင်ယူလေ့လာအင်္ဂလိပ်စာ Nexus League Centre မှာ
၅:၀၀ The Champion of Dance
၆:၀၀ MRTV -4 သတင်း
၆:၁၅ Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၁၇)
၆:၂၀ Road To လူရွှင်တော် 5 Star အငြိမ့်
၆:၃၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၆)
၇:၃၀ Celebrity Choice (မိုးဟေမာန်ခင်)
၈:၀၀ MRTV -4 သတင်း
၈:၃၀ အနုပညာမိုးကောင်းကင်
၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၂၉)
၁၀:၁၅ စာအုပ်ပြခန်း (ဂျူနီယာဝင်း)
၁၀:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၄)
၁၀:၅၅ International Show Biz
၁၁:၁၀ သူဌေးကျွန်းနှင့် Ecotourism
၁၁:၃၅ World Of Knowledge (Smart Tunnel)
၁၂:၂၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၁၂:၄၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
၁:၁၅ ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁:၃၀ အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၁:၅၀ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (လေးပုံသုံးပုံလွှဲချက် ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
၁:၅၅ တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၂:၁၀ **တုနှိုင်းမရ** ဦးဝင်းမြင့်၊ အရိုင်းမင်း၊ မျိုးကြည်၊ တိုးမြတ်နိုးဝေ ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
၂:၃၀ **Barclays Premier League Man City Vs Liverpool**
၄:၃၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
၄:၄၀ အံ့ဖွယ်ထူးခြား မြေလတ်ဒေသဆီမှ ဘုရားများ

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၅	Wigan-Sunderland	(Star Sports)
၂:၂၅	Man City-Liverpool	(ESPN) (MRTV-4)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင် အိုရန် ကာယာ ဆီရီ ဖလမ်ဝမ် ဒါတို ပါဒူကာ အာဝမ် ဟာဂျီ အဗ္ဗဒူ ရာမာနီ ဘင် ဒါတို ပါဒူကာ ဟာဂျီ ဘာရှီယာ ဒီပီအမ်ဘီ အက်စ်အမ်ဘီသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။



အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင် အိုရန် ကာယာ ဆီရီ ဖလမ်ဝမ် ဒါတို ပါဒူကာ အာဝမ် ဟာဂျီ အဗ္ဗဒူ ရာမာနီ ဘင် ဒါတို ပါဒူကာ ဟာဂျီ ဘာရှီယာ ဒီပီအမ်ဘီ အက်စ်အမ်ဘီအား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဆွီဒင်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကလားစ် မိုလင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကလားစ် မိုလင်အား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

☆ ဒီမိုကရေစီကျင့်စဉ်နှင့်ပတ်သက်၍ အခြေခံဥပဒေပါ နိုင်ငံသားတို့၏ အခွင့်အရေးနှင့်ပတ်သက်၍ အကာအကွယ်ပေးနိုင်ရန် အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်မှာ မှတ်သားဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သည်။ အာဆီယံအသင်းဝင် ဆယ်နိုင်ငံအနက် လွတ်လပ်သော လူ့အခွင့်အရေး စောင့်ကြည့်ထိန်းသိမ်းရေးအဖွဲ့အစည်းရှိသည့် နိုင်ငံငါးနိုင်ငံသာရှိသေးပြီး ယင်းတို့အနက် မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာ နိုင်ငံတကာစံအဖြစ် သတ်မှတ်ထားသည့် ပဲရစ်အခြေခံသဘောတရားများနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတကာအဆင့်မီ အဖွဲ့အစည်းဖြစ်သည်။

ရန်ကြီးအောင်၏ ဆောင်းပါး စာ-၈၊ ၉၊ ၁၀

☆ မိုးထက်လွှင့်ပျံ မြန်မာ့အောင်လံ

နှင်းမောင်(ဗိုးကုန်း)၏ ကဗျာ စာ-၁၀